ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ဝဖဖ/ ၂၀၂၂

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ နည်းဥပဒေများ ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ**ဆိုသည်မှာ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကို ဆိုသည်၊

(ခ) **ဆက်စပ်ပစ္စည်း**ဆိုသည်မှာ ယမ်းဘီလူး၊ အမိုနီယမ်နိုက်ထရိတ် သို့မဟုတ် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် ဆက်စပ်အသုံးပြုရသောပစ္စည်းများဖြစ်ပြီး သတ်မှတ်လိုအပ်သည့် ပေါက်ကွဲမှုအားရရှိဖြစ်ပေါ်စေရန် အစပျိုးခြင်း၊ အားမြှင့်ခြင်း၊ ကူးစက်ခြင်းများကို ပံ့ပိုးဆောင်ရွက်ပေးသည့် ယမ်းဖောက်ခွဲမှုလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများကိုဆိုသည်။ ယင်းစကားရပ်တွင် စနက်တံအမျိုးမျိုး(Detonator)၊ စနက်ကြိုးအမျိုးမျိုး(Detonating Cord)၊ ယမ်းကြိုးအမျိုးမျိုး(Safety Fuse)၊ ယမ်းဖောက်ခွဲစက်(Exploder)နှင့် အခြားတစ်ဆက်တစ်စပ်တည်းသုံးစွဲရသည့် ပစ္စည်းများလည်းပါဝင်သည်၊

(ဂ) ဖျက်ဆီးခြင်းဆိုသည်မှာ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများသည် အရည်အသွေးအားဖြင့်လည်းကောင်း၊ ဝတ္ထုပစ္စည်းအဖြစ် တည်ရှိမှုအနေအထားအရလည်းကောင်း၊ ယိုယွင်းပျက်စီး၍ အသုံးပြုရန်မသင့်လျော်သည့်အတွက် ကာကွယ်ရေးဌာနကောင်စီ အမှုဆောင်အဖွဲ့၏ အတည်ပြုချက်ဖြင့် ဖျက်ဆီးခြင်းကို ဆိုလိုသည်။

အခန်း(၂)

ခွင့်ပြုချက်လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း

၃။ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို တင်သွင်းခြင်းပြုလုပ်ရန် မှာယူလိုသည့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီသည် အောက်ဖော်ပြပါအချက်အလက်များနှင့်အတူ သက်ဆိုင်ရာအစိုးရလုပ်ငန်း သို့မဟုတ် အစိုးရဌာနများမှတစ်ဆင့် ဝန်ကြီးဌာနသို့ ပုံစံ(၁)ဖြင့် ပူးတွဲလျှောက်ထားရမည်-

(က) အသုံးပြုမည့်လုပ်ငန်းအမည် သို့မဟုတ် စီမံကိန်းအမည်၊

(ခ) အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအရွယ်အစားနှင့် ယင်းလုပ်ငန်းအတွက် ယမ်းဘီလူး၊ အမိုနီယမ်နိုက်ထရိတ်နှင့် ဆက်စပ်ပစ္စည်းများ အသုံးပြုရန်လိုအပ်ချက်ဆိုင်ရာ အကျိုးအကြောင်းဖော်ပြချက်၊

(ဂ) ဆောင်ရွက်ဆဲလုပ်ငန်းဖြစ်လျှင် ကုန်ဆုံးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် ယမ်းဘီလူး၊ အမိုနီယမ်နိုက်ထရိတ်နှင့် ဆက်စပ်ပစ္စည်းများ၏ သက်ဆိုင်ရာ နှစ်ကုန်လက်ကျန်စာရင်း၊ သက်ဆိုင်ရာနှစ်အတွင်း အသုံးပြုခဲ့သည့်စာရင်းနှင့် အကျိုးအကြောင်းဖော်ပြချက်၊

(ဃ) လျှောက်ထားသည့် ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုလိုသည့် ယမ်းဘီလူး၊ အမိုနီယမ်နိုက်ထရိတ်နှင့် ဆက်စပ်ပစ္စည်းများ၏ အမျိုးအမည်၊ အမျိုးအစား၊ အရေအတွက် သို့မဟုတ် အတိုင်းအတာပမာဏဖော်ပြချက်၊

(င) ထားသိုမည့်ယမ်းတိုက်တည်နေရာနှင့် ဝင်ဆံ့ထားသိုနိုင်သည့် ခွင့်ပြုပမာဏ။

၄။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၃ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် လျှောက်ထားသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ တင်သွင်းခြင်းပြုလုပ်ရန် မှာယူလိုခြင်းနှင့်စပ်လျဉ်း၍ စိစစ်တင်ပြရန် စစ်ဆေးရေးအရာရှိချုပ်အား တာဝန်ပေးအပ်ရမည်။

၅။ စစ်ဆေးရေးအရာရှိချုပ်သည် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီက ပုံစံ(၁)နှင့်အတူ ပူးတွဲလျှောက်ထားရမည့် အချက်အလက်များညီညွတ်ပြည့်စုံမှု ရှိ မရှိ စိစစ်ပြီး မှန်ကန်မှုရှိပါက ထောက်ခံချက်နှင့်အတူ ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်။

၆။ ဝန်ကြီးဌာနသည်-

(က) စစ်ဆေးရေးအရာရှိချုပ်၏ တင်ပြချက်ကိုစိစစ်ပြီး သတ်မှတ်ချက်နှင့်ညီညွတ်ကြောင်း တွေ့ရှိပါက ယင်းထောက်ခံချက်နှင့်အတူ ပုံစံ(၁) လျှောက်လွှာ၊ ပူးတွဲတင်ပြသည့် အချက်အလက်များကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သို့ ပေးပို့ရမည်၊

(ခ) စစ်ဆေးရေးအရာရှိချုပ်က သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိကြောင်း သဘောထားမှတ်ချက်ဖြင့်တင်ပြလာပါက သတ်မှတ်ချက်နှင့်အညီဆောင်ရွက်ရန် လျှောက်ထားသူသို့ အကြောင်းကြားနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရလုပ်ငန်း သို့မဟုတ် အစိုးရဌာနများသို့ ညွှန်ကြားရမည်။

၇။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သည် နည်းဥပဒေ ၆ နည်းဥပဒေခွဲ(က)အရ ဝန်ကြီးဌာနက ပေးပို့လာသောတင်ပြချက်နှင့်စပ်လျဉ်း၍ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့က တာဝန်ပေးအပ်ဖွဲ့စည်းထားသည့် ယမ်းဘီလူးဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီသို့ စိစစ်တင်ပြရန် တာဝန်ပေးအပ်ရမည်။

၈။ ယမ်းဘီလူးဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီသည် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီက လျှောက်ထားလာသော ယမ်းဘီလူး၊ အမိုနီယမ်နိုက်ထရိတ်နှင့် ဆက်စပ်ပစ္စည်း အမျိုးအစား၊ အရေအတွက်တို့ကို အရည်အသွေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်ပညာရပ်ဆိုင်ရာအချက်အလက်တို့နှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ဆောင်ရွက်ပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သို့ ပြန်လည်တင်ပြရမည်။

၉။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သည် -

(က) ယမ်းဘီလူးဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီ၏ စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကိုစိစစ်၍ သတ်မှတ်ချက်နှင့်ညီညွတ်ကြောင်းတွေ့ရှိပါက တင်သွင်းခြင်းဆောင်ရွက်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီအား ခွင့်ပြုချက်ထုတ်ပေးမည်ဖြစ်ပြီး ခွင့်ပြုချက်မိတ္တူကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်၊

(ခ) ယမ်းဘီလူးဝယ်ယူဖြည့်တင်း၊သိုလှောင်ဖြန့်ဖြူးရေးဆပ်ကော်မတီက သတ်မှတ်ချက်နှင့်ညီညွတ်ခြင်းမရှိကြောင်းသဘောထားမှတ်ချက်ဖြင့်တင်ပြလာပါက သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် လျှောက်ထားသူသို့ ညွှန်ကြားနိုင်ရေးအတွက် ဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

၁၀။ ဝန်ကြီးဌာနသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ သတ်မှတ်ချက်နှင့်ညီညွတ်မှုမရှိကြောင်း အကြောင်းကြားလာပါက လျှောက်ထားသူသို့ အကြောင်းကြားနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရလုပ်ငန်း သို့မဟုတ် အစိုးရဌာနများသို့ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားရမည်။

၁၁။ နည်းဥပဒေ ၉ နည်းဥပဒေခွဲ (က) အရ ခွင့်ပြုချက်ရရှိသူသည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအတွက် ကျသင့်ငွေကို ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့က သတ်မှတ်ထားသည့်ဌာနသို့ ပေးသွင်းရန် စီစဉ်ဆောင်ရွက်ရမည်။

၁၂။ နည်းဥပဒေ ၁၁ အရ ငွေပေးသွင်းပြီး လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် လွှဲပြောင်းခြင်း တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ဆောင်ရွက်လိုလျှင် ပုံစံ(၂) တွင် ပြည့်စုံစွာဖြည့်စွက်၍ သက်ဆိုင်ရာအစိုးရလုပ်ငန်း သို့မဟုတ် အစိုးရ ဌာနများမှတစ်ဆင့် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၁၃။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၁၂ အရ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများသယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် လွှဲပြောင်းခြင်း တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ဆောင်ရွက်ရန် လျှောက်ထားလာမှုနှင့်စပ်လျဉ်း၍ စိစစ်တင်ပြရန် စစ်ဆေးရေးအရာရှိချုပ်အား တာဝန်ပေးအပ်ရမည်။

၁၄။ စစ်ဆေးရေးအရာရှိချုပ်သည် လျှောက်ထားမှုကို အောက်ပါအချက်အလက်များဖြင့် ပြည့်စုံမှန်ကန်မှု ရှိ မရှိ စိစစ်ပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ပြန်လည်တင်ပြရမည်-

(က) ယမ်းတိုက်၏တည်နေရာနှင့် ဝင်ဆုံမှုပမာဏ၊

(ခ) ယမ်းတိုက်အတွင်း ကျန်ရှိသည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်နှင့် လက်ကျန်ပမာဏ၊

(ဂ) သယ်ယူပြီးနောက်ဖြစ်ပေါ်လာမည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်နှင့် ပမာဏ၊

(ဃ) ငွေသွင်းချလန်မိတ္တူ။

၁၅။ ဝန်ကြီးဌာနသည် စစ်ဆေးရေးအရာရှိချုပ်၏ တင်ပြချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်မှုရှိကြောင်း တွေ့ရှိပါက စစ်ဆေးရေးအရာရှိချုပ်၏ ထောက်ခံချက်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သို့ ပေးပို့ရမည်။

၁၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သည် နည်းဥပဒေ ၁၅ အရ ပေးပို့လာသော လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် လွှဲပြောင်းခြင်း တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ဆောင်ရွက်ရန် ပေးပို့လာမှုအပေါ် စိစစ်တင်ပြရန် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့က တာဝန်ပေးအပ်ထားသည့် ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီသို့ တာဝန်ပေးရမည်။

၁၇။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သည် နည်းဥပဒေ ၁၂ ပါ လျှောက်ထားလာမှုအား နည်းဥပဒေ ၁၆ အရ စိစစ်ပြီးထောက်ခံလာပါက လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများသယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် လွှဲပြောင်းခြင်း တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ဆောင်ရွက်ရန် ခွင့်ပြုချက်ကို လျှောက်ထားသူသို့ ထုတ်ပေးရမည်။ ခွင့်ပြုချက်မိတ္တူတစ်စောင်စီကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

၁၈။ ယမ်းဘီလူးဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီသည် နည်းဥပဒေ ၁၇ အရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ခွင့်ပြုချက်ရရှိထားသူအား ထပ်ဆင့်ခွင့်ပြုချက်ဆက်လက် ထုတ်ပေးရမည်။

၁၉။ နည်းဥပဒေ ၁၇ အရ ခွင့်ပြုချက်ရရှိသူသည်-

(က) သယ်ယူပို့ဆောင်ရန်ထုတ်ယူမည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က တာဝန်ပေးအပ်ထားသော ယမ်းဘီလူးဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီမှ ထုတ်ယူခွင့်ပြုသည့် သက်ဆိုင်ရာ တပ်ရင်း သို့မဟုတ် သက်ဆိုင်ရာ စက်ရုံ သို့မဟုတ် ထုတ်ယူရန် သတ်မှတ်ပေးသည့် နေရာတွင် သတ်မှတ်ကာလအတွင်း ထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(ခ) ပြည်ပမှတင်သွင်းသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က တာဝန်ပေးအပ်ထားသော ယမ်းဘီလူးဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီက သယ်ယူပို့ဆောင်ရန် ထုတ်ယူခွင့်ပြုသည့် သတ်မှတ်နေရာတွင် ထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(ဂ) သယ်ယူပို့ဆောင်ရန် ထုတ်ယူခွင့်ရရှိသော လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ရှင်းလင်းသယ်ဆောင်ရန်နှင့် လမ်းခရီးလုံခြုံရေး ဆောင်ရွက်ပေးနိုင်ရန် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက် ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့် တင်ပြဆောင်ရွက်ရမည်၊

(ဃ) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို နည်းဥပဒေခွဲ(က) နှင့် (ခ) တို့ပါ သက်ဆိုင်ရာထုတ်ပေးသည့်နေရာမှ ထုတ်ယူရာတွင် အောက်ပါအထောက်အထားများ တင်ပြဆောင်ရွက်ရမည်-

(၁) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ပစ္စည်းထုတ်ယူခြင်းနှင့်သယ်ယူပို့ဆောင်ခြင်း ဆောင်ရွက်ရန် ခွင့်ပြုချက်၊

(၂) ယမ်းဘီလူးဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေး ဆပ်ကော်မတီ၏ ပစ္စည်းထုတ်ပေးရန် ထပ်ဆင့်ခွင့်ပြုချက်၊

(၃) ပစ္စည်းထုတ်ယူရန် ကိုယ်စားလှယ်ဖြင့် တာဝန်ပေးအပ်ထားသည့် အထောက်အထား။

(င) နည်းဥပဒေခွဲ(ဂ) အရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သို့မဟုတ် ပြည်ထဲရေးဝန်ကြီးဌာနက ခွင့်ပြုသည့် လမ်းခရီးလုံခြုံရေးအတွက် သတ်မှတ်နေရာမှလုံလောက်သော အစောင့်အရှောက်ပါရှိသည့် ယာဉ်တန်းဖြင့် ထားသိုမည့်ယမ်းတိုက်သို့သယ်ယူရမည်။

၂၀။ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ သိုလှောင်ရေးအတွက် ယမ်းတိုက်ဆောက်လုပ်ရန် မြေနေရာအတည်ပြုချက်ရရှိလိုသည့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီသည်ခွင့်ပြုချက်ရရှိရန် ပုံစံ(၃) ဖြင့် သက်ဆိုင်ရာအစိုးရလုပ်ငန်း သို့မဟုတ် အစိုးရဌာနများမှတစ်ဆင့် ဝန်ကြီးဌာနသို့ အောက်ပါအချက်အလက်များနှင့်အတူ လျှောက်ထားရမည် -

(က) ယမ်းတိုက်ဆောက်လုပ်ရန် မြေနေရာအတည်ပြုချက်ရယူလိုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် လိပ်စာ၊

(ခ) အသုံးပြုလိုသည့် မြေနေရာနှင့်စပ်လျဉ်းသည့် ခွင့်ပြုချက် အထောက်အထား၊ တည်နေရာပြမြေပုံနှင့် အကွက်ချမြေပုံ၊

(ဂ) သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၏ ထောက်ခံချက်၊

(ဃ) ၂၄ နာရီလုံခြုံမှုအတွက် တာဝန်ယူဆောင်ရွက်မှုအခြေအနေ၊ လုံခြုံမှုပေးနိုင်ကြောင်း ထောက်ခံချက်။

၂၁။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၂၀ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် ယမ်းတိုက် ဆောက်လုပ်ရန်မြေနေရာအတည်ပြုချက်လျှောက်ထားသည့်ကိစ္စရပ်ကို စိစစ်တင်ပြရန် စစ်ဆေးရေး အရာရှိချုပ်အား တာဝန်ပေးအပ်ရမည်။

၂၂။ စစ်ဆေးရေးအရာရှိချုပ်သည် နည်းဥပဒေ ၂၀ ပါ အချက်အလက် အထောက်အထားများကို သတ်မှတ်ချက်များနှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ဆောင်ရွက်ပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက် နှင့်အတူ ဝန်ကြီးဌာနသို့ပြန်လည်တင်ပြရမည်။

၂၃။ ဝန်ကြီးဌာနသည်-

(က) နည်းဥပဒေ ၂၂ အရ စစ်ဆေးရေးအရာရှိချုပ်၏တင်ပြချက်ကို စိစစ်ပြီး သတ်မှတ်ချက် နှင့်ညီညွတ်ကြောင်း တွေ့ရှိပါက ထောက်ခံချက်နှင့်အတူ လျှောက်ထားသည့် အချက်အလက်အထောက်အထားတို့ကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သို့ ပေးပို့ ရမည်၊

(ခ) သတ်မှတ်ချက်နှင့်ညီညွတ်ခြင်းမရှိကြောင်း သဘောထားမှတ်ချက်ဖြင့်တင်ပြလာပါက သတ်မှတ်ချက်နှင့်အညီဆောင်ရွက်ရန် လျှောက်ထားသူသို့ အကြောင်းကြားနိုင်ရေး အတွက် သက်ဆိုင်ရာအစိုးရလုပ်ငန်း သို့မဟုတ် အစိုးရဌာနများသို့ ညွှန်ကြားရမည်။

၂၄။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သည် နည်းဥပဒေ ၂၃ နည်းဥပဒေခွဲ(က) အရ ဝန်ကြီး ဌာနက ပေးပို့လာသော ယမ်းတိုက်ဆောက်လုပ်ရန် မြေနေရာအတည်ပြုချက် လျှောက်ထားခြင်းကို စိစစ်တင်ပြရန် ယမ်းတိုက်မြေနေရာရွေးချယ်ရေးအဖွဲ့ကို တာဝန်ပေးအပ်ရမည်။

၂၅။ ယမ်းတိုက်မြေနေရာရွေးချယ်ရေးအဖွဲ့သည် ယမ်းတိုက်ဆောက်လုပ်ရန် အတည်ပြုလိုသည့် မြေနေရာသို့ ကွင်းဆင်းစစ်ဆေးပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)သို့ တင်ပြရမည်။

၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သည် ယမ်းတိုက်ဆောက်လုပ်ရန်လျှောက်ထားသည့် မြေ နေရာနှင့်စပ်လျဉ်း၍ ယမ်းတိုက်မြေနေရာရွေးချယ်ရေးအဖွဲ့၏ သတ်မှတ်ချက်နှင့်ညီညွတ်ကြောင်း စိစစ်တင်ပြချက်ကိုအတည်ပြုပြီး သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

၂၇။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၂၆ အရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က အတည်ပြုသော မြေနေရာတွင် ယမ်းတိုက် ဆောက်လုပ်ရေးအတွက် လျှောက်ထားသူသို့ အကြောင်းကြားရန် စစ်ဆေးရေးအရာရှိချုပ်အား ညွှန်ကြားရမည်။

၂၈။ စစ်ဆေးရေးအရာရှိချုပ်သည် နည်းဥပဒေ ၂၇ အရ ဝန်ကြီးဌာန၏ ညွှန်ကြားချက်ရရှိလျှင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က စိစစ်အတည်ပြုသောမြေနေရာ၌ သတ်မှတ်သည့်အင်္ဂါရပ်များ နှင့်အညီ ယမ်းတိုက်ဆောက်လုပ်ရန် လျှောက်ထားသူသို့ ညွှန်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရလုပ်ငန်း သို့မဟုတ် အစိုးရဌာနများသို့ အကြောင်းကြားရမည်။

၂၉။ (က) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဖြစ်သည့် အမိုနီယမ်နိုက်ထရိတ် ကို ပေါက်ကွဲမှုဖြစ်ပေါ်စေရန် ပြုပြင်စီမံဆောင်ရွက်ခြင်းကိုဖြစ်စေ၊ အရည်အသွေး မပြည့်မီ မကောင်းမွန်တော့သည့် ယမ်းဘီလူးတစ်မျိုးမျိုးကို လုပ်ငန်းခွင်သုံးပေါက်ကွဲ စေတတ်သော ဝတ္ထုပစ္စည်းအဖြစ် အသုံးပြုနိုင်ရန် အရည်အသွေးမြှင့်တင်ပြုပြင် ပေါင်းစပ်ခြင်းကိုဖြစ်စေ၊ အစပျိုးဖောက်ခွဲမှုအဖြစ် အသုံးပြုသည့် စနက်တံအမျိုးမျိုး၊ ယမ်းကြိုး အမျိုးမျိုးပြုလုပ်ခြင်းကိုဖြစ်စေ ဆောင်ရွက်လိုသည့် အစိုးရဌာန၊ အဖွဲ့ အစည်း သို့မဟုတ် ကုမ္ပဏီသည် သက်ဆိုင်ရာအစိုးရလုပ်ငန်း သို့မဟုတ် အစိုးရဌာနများ မှတစ်ဆင့် ဝန်ကြီးဌာနသို့ ပုံစံ(၆) ဖြင့် လျှောက်ထားရမည်၊

(ခ) နည်းဥပဒေခွဲ(က) အရ ပုံစံ(၆) ဖြင့် လျှောက်ထားရာတွင် အောက်ပါအချက်အလက် များကိုပါ ဖော်ပြရမည် -

(၁) ပြုလုပ်လိုသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းအမျိုးအမည်၊ အမျိုးအစား၊ အရေအတွက်နှင့်ပြုလုပ်ဆောင်ရွက်လိုသည့် အကြောင်းကိစ္စကို ရှင်းလင်းဖော်ပြရန်၊

(၂) အသုံးပြုလိုသည့်လုပ်ငန်းနေရာ သို့မဟုတ် စီမံကိန်းတည်နေရာနှင့် ရှင်းလင်း ဖယ်ရှားဆောင်ရွက်လိုသည့် လုပ်ငန်းပမာဏ၊

(၃) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ တင်သွင်းခြင်းအတွက် ခွင့်ပြုချက်ရရှိခဲ့သည့် ရက်စွဲနှင့် အထောက်အထား၊

(၄) ယမ်းတိုက်အတွင်းထားသိုသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထု ပစ္စည်းအမျိုးအမည်နှင့် လက်ကျန်အရေအတွက်၊

(၅) ပြုလုပ်ခြင်းကို ဆောင်ရွက်မည့်အစီအစဉ်။

၃၀။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၂၉ နည်းဥပဒေခွဲ(က) အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် လျှောက်ထားသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ ပြုလုပ်ခြင်းကိစ္စရပ်ကို စိစစ်တင်ပြရန် စစ်ဆေးရေးအရာရှိချုပ်အား တာဝန်ပေးအပ်ရမည်။

၃၁။ စစ်ဆေးရေးအရာရှိချုပ်သည် လျှောက်ထားလာသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများပြုလုပ်ခြင်း လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ပြီးတွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်။

၃၂။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၃၁ အရ စစ်ဆေးရေးအရာရှိချုပ်၏ တင်ပြချက်ကိုစိစစ်ပြီး-

(က) သတ်မှတ်ချက်နှင့်ညီညွတ်ကြောင်းတွေ့ရှိပါက နည်းဥပဒေ ၂၉ နည်းဥပဒေခွဲ(ခ)ပါ အထောက်အထားများနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သို့ ပေးပို့ရမည်၊

(ခ) သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိပါက သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် လျှောက်ထားသူသို့ အကြောင်းကြားနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရလုပ်ငန်း သို့မဟုတ် အစိုးရဌာနများသို့ ညွှန်ကြားရမည်။

၃၃။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သည် ဝန်ကြီးဌာနက နည်းဥပဒေ ၃၂ နည်းဥပဒေခွဲ(က)အရ ပေးပို့လာသော လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများပြုလုပ်ခြင်းကိစ္စနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့က တာဝန်ပေးဖွဲ့စည်းထားသည့် ယမ်းဘီလူးဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီသို့ စိစစ်တင်ပြရန် တာဝန်ပေးအပ်ရမည်။

၃၄။ ယမ်းဘီလူးဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီသည် နည်းဥပဒေ ၃၃ အရ တာဝန်ပေးအပ်ခြင်းခံရလျှင် စိစစ်ပြီးသတ်မှတ်ချက်နှင့် ညီညွတ်ကြောင်းတွေ့ရှိပါက သဘောထားမှတ်ချက်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သို့ တင်ပြရမည်။

၃၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သည် နည်းဥပဒေ ၃၄ အရ တင်ပြချက်ကို လိုအပ်သည်များစိစစ်ပြီး လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများပြုလုပ်ခြင်းကို ဆောင်ရွက်ရန် လျှောက်ထားသူသို့ ခွင့်ပြုချက်ထုတ်ပေးရမည်။ ခွင့်ပြုချက်မိတ္တူတစ်စောင်ကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

အခန်း(၃)

“ယမ်းတိုက်”လိုင်စင်ထုတ်ပေးခြင်းနှင့် လိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်း

၃၆။ နည်းဥပဒေ ၂၈ အရ ယမ်းတိုက်ဆောက်လုပ်ရန် အကြောင်းကြားစာ ရရှိပြီးသူသည် နည်းဥပဒေ ၂၆ နှင့်အညီ စိစစ်အတည်ပြုထားသောမြေနေရာ၌ သတ်မှတ်သည့်အင်္ဂါရပ်များနှင့်အညီ ယမ်းတိုက်ကို အချိန်မီပြီးစီးအောင် အကောင်အထည်ဖော်ဆောက်လုပ်၍ ပြီးစီးပါက လိုင်စင်ရရှိရေး အတွက် စစ်ဆေးရေးအရာရှိချုပ်ထံ ပုံစံ(၄) ဖြင့် လျှောက်ထားရမည်။

၃၇။ စစ်ဆေးရေးအရာရှိချုပ်သည် နည်းဥပဒေ ၃၆ အရ လိုင်စင်လျှောက်ထားသူ၏ လျှောက်ထားချက်ကို လက်ခံရရှိလျှင် စစ်ဆေးရေးအရာရှိများပါဝင်သောအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေး၍ ဆောက်လုပ်ထားသော ယမ်းတိုက်အား အောက်ပါသတ်မှတ်ထားသော အင်္ဂါရပ်များနှင့် ညီညွတ်ခြင်း ရှိ မရှိ ကွင်းဆင်းစစ်ဆေးစေရမည်-

(က) မြေကတုတ် သတ်မှတ်အမြင့်ရှိမှု၊

(ခ) ခြံစည်းရိုး (၂)ထပ်ရှိမှု၊

(ဂ) တံခါး (၂)ထပ်ရှိမှု၊

(ဃ) Layout Plan ပုံစံပါအတိုင်း တည်ဆောက်ထားရှိမှု၊

(င) Sun Shade တပ်ဆင်ထားရှိမှု၊

(စ) လေဝင်လေထွက်ပေါက်တွင် သံဇကာအမာတပ်ဆင်ထားရှိမှု၊

(ဆ) ရေနုတ်မြောင်း ဖောက်လုပ်ထားရှိမှု၊

(ဇ) မိုးကြိုးလွှဲ တပ်ဆင်ထားရှိမှု၊

(ဈ) သာမိုမီတာနှင့် ဟိုက်ဂရိုမီတာ တပ်ဆင်ထားရှိမှု၊

(ည) မီးတားလမ်း ဆောင်ရွက်ထားရှိမှု၊

(ဋ) မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးဆိုင်းဘုတ်ထားရှိမှု၊

(ဌ) အမိုနီယမ်နိုက်ထရိတ် ထားသိုမည့် ယမ်းတိုက်မှအပ ကျန်လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ ထားသိုမည့် ယမ်းတိုက်များ၏ အမိုးကို ကွန်ကရစ်လောင်းထားရှိမှုနှင့် ယင်းကွန်ကရစ်အမိုးပေါ်တွင် သွပ်မိုးပြုလုပ်ထားရှိမှု၊

(ခု) အမိုနီယမ်နိုက်ထရိတ်ထားသိုမည့် ယမ်းတိုက်၏အမိုးကို သွပ်မိုးဖြင့်ပြုလုပ်၍ လေဝင်၊ လေထွက်ကောင်းမွန်စေရေးနှင့် ယမ်းတိုက်၏ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြှား တို့ကို သံထည်ပစ္စည်း သို့မဟုတ် သံမဏိထည်ပစ္စည်းများနှင့် တည်ဆောက်ထားရှိမှု၊

(ဃ) ယမ်းဘီလူးနှင့် စနက်တံ(Detonator) ကို ယမ်းတိုက်တစ်ခုတည်းတွင် ထားရှိပါက ယမ်းဘီလူးထားသိုမည့်အခန်းနှင့် စနက်တံ(Detonator) ထားသိုမည့်အခန်းအကြားတွင် လုံလောက်သော လေဟာနယ်ထားရှိမှု၊

(ဏ) မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက် (Fire Safety Certificate) ရရှိထားမှု။

၃၈။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) နည်းဥပဒေ ၃၇ ပါ သတ်မှတ်ထားသော အင်္ဂါရုပ်များနှင့် ညီညွတ်ခြင်းရှိသည့် ယမ်းတိုက်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လျှောက်ထားသူအား လိုင်စင်ကို ပုံစံ(၅) ဖြင့် ထုတ်ပေးရမည်၊

(ခ) သတ်မှတ်သောအင်္ဂါရုပ်များနှင့် ညီညွတ်ခြင်းမရှိသည့် ယမ်းတိုက်ကို ပြင်ဆင်ခြင်း၊ ပြုပြင်ဆောင်ရွက်ခြင်းများပြုလုပ်ရန် လျှောက်ထားသူအား ညွှန်ကြားရမည်။

၃၉။ လိုင်စင်သက်တမ်းသည် နည်းဥပဒေ ၃၈ နည်းဥပဒေခွဲ(က) အရ စတင်ထုတ်ပေးသည့် ရက်နေ့မှ တစ်နှစ်ဖြစ်သည်။ လိုင်စင်ရရှိသူသည် တစ်နှစ်အတွက် ပေးဆောင်ရမည့် လိုင်စင်ကြေးမှာ ငွေကျပ်တစ်သိန်းဖြစ်သည်။

၄၀။ လိုင်စင်ရရှိသူသည် လိုင်စင်ခွင့်ပြုထားသည့် ယမ်းတိုက်၌ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ သိုလှောင်ခြင်းလုပ်ငန်းကို ဆက်လက်ထားရှိ အသုံးပြုလိုပါက သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် စစ်ဆေးရေးအရာရှိချုပ်ထံ လျှောက်ထားနိုင်သည်။

၄၁။ စစ်ဆေးရေးအရာရှိချုပ်သည် နည်းဥပဒေ ၄၀ အရ သက်တမ်းတိုး လျှောက်ထားချက်ကို ရရှိလျှင် လျှောက်ထားသူ၏ ယမ်းတိုက်ကို စစ်ဆေးရေးအရာရှိများ ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်း စစ်ဆေးစေပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) နည်းဥပဒေ ၃၇ ပါ သတ်မှတ်အင်္ဂါရုပ်များနှင့် ညီညွတ်ကြောင်းတွေ့ရှိလျှင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လျှောက်ထားသူအား လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန်၊

(ခ) ပြင်ဆင်ခြင်း၊ ပြုပြင်ခြင်းများဆောင်ရွက်ရန် လိုအပ်ကြောင်း စစ်ဆေးတွေ့ရှိရပါက လိုအပ်ချက်များကို ဆောင်ရွက်စေရန်နှင့် ဆောင်ရွက်ပြီးစီးပါက ပြန်လည်တင်ပြရေး အတွက်ညွှန်ကြားရန်၊

(ဂ) နည်းဥပဒေခွဲ(ခ) အရ တင်ပြမှုအားပြန်လည်စစ်ဆေးပြီး ညီညွတ်ကြောင်းတွေ့ရှိလျှင် နည်းဥပဒေခွဲ(က)နှင့်အညီ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန်။

၄၂။ သက်တမ်းတိုးကာလအတွက် ပေးဆောင်ရမည့် လိုင်စင်ကြေးမှာ တစ်နှစ်လျှင် ငွေကျပ် တစ်သိန်း ဖြစ်သည်။

အခန်း(၄)

ခွင့်ပြုချက်ရရှိသူနှင့် လိုင်စင်ရရှိသူတို့၏ တာဝန်များ

၄၃။ ခွင့်ပြုချက်ရရှိသူသည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို နည်းဥပဒေ ၃၈ နည်းဥပဒေခွဲ(က) အရ စစ်ဆေးရေးအရာရှိချုပ်က လိုင်စင်ထုတ်ပေးထားသော ယမ်းတိုက်အတွင်း ထားသိုရာတွင် အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိရမည် -

(က) လိုင်စင်ပါ ခွင့်ပြုပမာဏအထိသာ ထားသိုရန်၊

(ခ) ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း အမျိုးအမည်၊ အမျိုးအစားနှင့် အရေအတွက်ကို ပြည့်စုံမှန်ကန်စွာစစ်ဆေးပြီးမှ ထားသိုရန်၊

(ဂ) စနက်တံ(Detonator) ကို ယမ်းတိုက်တွင်း၌ သီးခြားအခန်းခွဲ၍ ထားရှိရန်နှင့် အခြားမည်သည့်ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ သိုလှောင်ထားရှိခြင်းမပြုရန်၊

(ဃ) ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို အောက်ခံသစ်မာတုံးခင်းထားသောအခင်း (Dun-nage) ပေါ်တွင် ထားရှိရန်နှင့် အခန်းနံရံမှအနည်းဆုံး (၃)ပေခွာ၍ ထားရှိရန်၊

(င) ပစ္စည်းအမျိုးအစား၊ အစုအပုံအလိုက် တစ်မျိုးချင်းစီ၏ စာရင်းကတ်ပြားပြုစုထားရှိရန်နှင့် အထုတ်/ အသွင်းပြုလုပ်သည့်အခါတိုင်း စာရင်းကတ်ပြား၌ အနုတ်/ အသွင်းပြုလုပ်ဆောင်ရွက်ရန်၊

(စ) ဦးစွာသိုလှောင်ထည့်သွင်းထားရှိသည့်ပစ္စည်းများကို ဦးစွာထုတ်ယူသုံးစွဲစေသည့်စနစ် ကျင့်သုံးရန်၊

(ဆ) ယမ်းတိုက်ရှိအခန်းတိုင်းတွင် အပူချိန်တိုင်းကိရိယာ(သာမိုမီတာ) နှင့် စိုထိုင်းဆတိုင်းကိရိယာ(ဟိုက်ဂရိုမီတာ) ထားရှိရန်နှင့် မှတ်တမ်းရေးသွင်းထားရှိရန်၊

(ဇ) ယမ်းတိုက်၌ မှတ်တမ်းစာအုပ်ထားရှိရန်နှင့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီများမှ တာဝန်ရှိသူများက ယမ်းတိုက်သို့ စစ်ဆေးသည့်အခါတိုင်း စာရင်းလက်ကျန်နှင့်ယမ်းတိုက်ရှိ မြေပြင်လက်ကျန်ကွာခြားမှု ရှိ မရှိ စစ်ဆေး၍ စစ်ဆေးတွေ့ရှိချက်ကို မှတ်တမ်းစာအုပ်၌ ရေးသွင်းထားရှိရန်၊

(ဈ) ယမ်းတိုက်တံခါးအားသော့နှစ်လုံးခတ်သည့်စနစ်ဖြင့်ဆောင်ရွက်ရန်နှင့် သော့တစ်လုံး၏ သော့တံကို ယမ်းတိုက်လိုင်စင်ရရှိသူ သို့မဟုတ် ၎င်း၏ တာဝန်ခံကိုယ်စားလှယ်ထံတွင်ထားရှိပြီးကျန်သော့တစ်လုံး၏သော့တံကို လုံခြုံရေးတာဝန်ယူသည့်သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့တွင်ထားရှိရန်၊ နှစ်ဦးစုံညီမှသော့များကို ပူးတွဲ ဖွင့်/ ပိတ် သည့်စနစ်ကျင့်သုံးရန်၊

(ည) ပူပြင်းခြောက်သွေ့၍ အပူချိန်မြင့်သော ရာသီတွင် လုံခြုံရေး အစီအမံထားရှိ၍ အနည်းဆုံး တစ်ပတ်လျှင် တစ်ကြိမ် ယမ်းတိုက်တံခါးများကို တစ်နာရီခန့်ဖွင့်၍ အပူရှိန်လျော့ကျရေးဆောင်ရွက်ရန်၊

(ဋ) ယမ်းတိုက်အတွင်း ကြွက်၊ ခြင်္သေ့ အင်းဆက်ပိုးမွှားများမရှိစေရေး ဆောင်ရွက်ရန်၊

(ဌ) ယမ်းတိုက်နှင့်စပ်လျဉ်းသည့်ကိစ္စအဝဝကို လိုင်စင်ရရှိသူကတာဝန်ယူဆောင်ရွက်ရန်။

၄၄။ လိုင်စင်ရရှိသူသည် ယမ်းတိုက်ကို ဘေးကင်းလုံခြုံရန်နှင့် မီးဘေးအန္တရာယ်ကင်းရှင်းရန်အတွက် အောက်ပါသတ်မှတ်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ထားရှိရမည်-

(က) ယမ်းတိုက်ကို ၂၄ နာရီလုံခြုံမှုရှိစေရေးအတွက် လုံခြုံရေးအစောင့်ထားရှိရန်၊

(ခ) ယမ်းတိုက်တစ်လုံးချင်းစီ၏ ပတ်လည်တွင် အနည်းဆုံး ၇ ပေအမြင့်ရှိ သံဆူးကြိုး(၂)ထပ် ခြံစည်းရိုးကာရံထားရှိရန်နှင့် ၎င်းအပေါ်တွင် ၄၅ ဒီဂရီစောင်း၍ သံဆူးကြိုးတန်းများ တပ်ဆင်ထားရန်၊

(ဂ) ယမ်းတိုက်စည်းရိုးတွင် အဝင်အထွက် ပြုလုပ်နိုင်သော တံခါးထားရှိရန်နှင့် သော့ခတ်ထားရှိနိုင်ရေးဆောင်ရွက်ရန်၊

(ဃ) ယမ်းတိုက်ပတ်လည် ပေ(၁၀၀)အကွာအတွင်း မြက်၊ ချုံများမရှိစေရေး ရှင်းလင်းထားရှိရန်နှင့် စည်းရိုးအပြင်၌ မီးတားလမ်းများ ဖောက်လုပ်ထားရှိရန်၊

(င) ယမ်းတိုက်တွင် မီးငြိမ်းသတ်ရန် လုံလောက်သောရေပမာဏရှိသည့် မီးသတ်ရေကန်နှင့် မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာများ အပြည့်အစုံထားရှိရန်၊

(စ) ယမ်းတိုက်၌ ထည့်သွင်းခြင်း၊ ထုတ်ယူခြင်းပြုလုပ်ရာတွင် မီးခြစ်နှင့် မီးလောင်စေတတ်သောဝတ္ထုပစ္စည်းများ လုံးဝ ယူဆောင်လာခြင်းမရှိစေရန် တားမြစ်ခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းတို့ ဆောင်ရွက်ရန်၊

(ဆ) ယမ်းတိုက်စည်းရိုးအဝင်နှင့် မြင်သာသောနေရာများတွင် မီးဘေးအန္တရာယ် သတိပေးနှိုးဆော်ချက် ဆိုင်းဘုတ်များထားရှိရန်။

၄၅။ (က) လိုင်စင်ရရှိသူသည် လိုင်စင်ရယမ်းတိုက်၌ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို ထည့်သွင်းထားသိုခြင်းနှင့် ထုတ်ပေးခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ရန်အတွက် တာဝန်ခံတစ်ဦးနှင့် ဒုတိယတာဝန်ခံတစ်ဦး ထားရှိတာဝန်ပေးရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ တာဝန်ပေးအပ်ခြင်းခံရသူသည် ယမ်းတိုက်အတွင်းသို့ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ ထည့်သွင်းခြင်းနှင့် ယမ်းတိုက်အတွင်းမှ လုပ်ငန်းအသုံးပြုရန်ထုတ်ပေးခြင်းတို့ကို စိစစ်ပြီးမှ တာဝန်ယူလက်မှတ်ရေးထိုးခြင်း၊ စီမံကြီးကြပ်ဆောင်ရွက်ခြင်းပြုရန်နှင့် တာဝန်ခံမရှိမှသာ ဒုတိယတာဝန်ခံက တာဝန်ခံကိုယ်စား လက်မှတ်ရေးထိုးခြင်း၊ တာဝန်ယူ စီမံကြီးကြပ်ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေရန်ဖြစ်သည်။

၄၆။ နည်းဥပဒေ ၄၅ နည်းဥပဒေခွဲ(က)အရ တာဝန်ပေးအပ်ထားသည့်တာဝန်ခံသည် ယမ်းတိုက်အတွင်း သိုလှောင်ထားရှိသော လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို လုပ်ငန်းခွင်အသုံးပြုရန် ပုံစံ(၇)ဖြင့် ထုတ်ယူခွင့်တောင်းခံမှုကို အောက်ပါသတ်မှတ်ချက်နှင့်အညီ စိစစ်ဆောင်ရွက်ပြီး ထုတ်ပေးရမည်-

(က) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း ထုတ်ပေးသူက တောင်းခံသည့် ထုတ်ယူခွင့် သတ်မှတ်ပုံစံတွင် ဖြည့်သွင်းထားရှိသည့် အမျိုးအမည်၊ အမျိုးအစားနှင့် အရေအတွက်ကို မှန် မမှန် စိစစ်အတည်ပြုရန်နှင့် မှန်ကန်ပါက ခွင့်ပြုကြောင်း လက်မှတ်ရေးထိုးထုတ်ပေးရန်၊

(ခ) ထုတ်ယူခွင့်သတ်မှတ်ပုံစံပေါ်တွင် ထုတ်ယူသူအား ဆက်လက်လက်မှတ်ရေးထိုးစေရန်၊

(ဂ) ယမ်းတိုက်တွင်ထားရှိသည့် လယ်ဂျာစာရင်းနှင့် အစုအပုံကတ်ပြား(Stack Board & Stack Card) စာရင်းတွင် ထုတ်ယူသည့် ပစ္စည်းအမျိုးအစား၊ အမျိုးအမည်နှင့် အရေအတွက်တို့ကို ရေးသားနုတ်ပယ်ရန်၊

(ဃ) ထုတ်ပေးသည့်ပစ္စည်းများတွင် စနက်တံ(Detonator)၊ စနက်ကြိုး(Detonating Cord)နှင့် ယမ်းကြိုး(Safety Fuse)များပါရှိလျှင် သီးခြားအဖုံးပိတ်သေတ္တာဖြင့် ထည့်သွင်း၍ သော့ခတ်ထုတ်ပေးရန်၊

(င) အမိုနီယမ်နိုက်ထရိတ်၊ ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကို တစ်ပေါင်းတည်း ထည့်သွင်းထားရှိခြင်းမပြုရန်နှင့် နည်းဥပဒေခွဲ(ဃ)ပါအတိုင်း သီးခြားစီထားရှိ ထုတ်ပေးရန်။

၄၇။ သက်ဆိုင်ရာလုပ်ငန်းခွင်တာဝန်ခံသည် နည်းဥပဒေ ၄၆ အရ ထုတ်ယူလာသော လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို လုပ်ငန်းခွင်သို့ ရောက်ရှိလျှင် ထုတ်ယူခွင့် ပုံစံ(၇)တွင် ဖြည့်သွင်းထားရှိသည့် အမျိုးအမည်၊ အမျိုးအစားနှင့် အရေအတွက် ပြည့်စုံမှန်ကန်ပါက လက်ခံဆောင်ရွက်ရမည်။

၄၈။ သက်ဆိုင်ရာလုပ်ငန်းခွင်တာဝန်ခံသည် လက်ခံရရှိသော ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို လုပ်ငန်းခွင်၌အသုံးပြုရာတွင် အောက်ပါအတိုင်းစီမံဆောင်ရွက်ရမည်-

(က) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးသည် ပထမဦးစားပေးအဖြစ် သတ်မှတ်၍ သတိထားအသုံးပြုဆောင်ရွက်ရန်၊

(ခ) လုပ်ငန်းခွင်၌ ဖောက်ခွဲအသုံးပြုသည့်အခါတိုင်း ပြီးပြည့်စုံသောပေါက်ကွဲမှု ရှိ မရှိ စိစစ်ရန်နှင့် ပေါက်ကွဲသည့်အချက်အရေအတွက်ကို ရေတွက်မှတ်တမ်းတင်ခြင်း၊ တတ်ကျွမ်းသည့်ကျွမ်းကျင်သူများအား လိုက်လံစစ်ဆေးစေခြင်းနှင့် မပေါက်ကွဲသော ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကျန်ရှိပါက စနစ်တကျဖယ်ရှားပြီး လုပ်ငန်းနည်းစနစ်နှင့်အညီ ဖျက်ဆီးခြင်းကို ဆောင်ရွက်ရန်၊

(ဂ) ဖောက်ခွဲခြင်းကို မပြုလုပ်မီတွင်လည်းကောင်း၊ ဖောက်ခွဲခြင်း ပြီးစီးသည့်အခါတွင်လည်းကောင်း စည်းကမ်းတကျအချက်ပြသည့်စနစ်ဖြင့် ကြိုတင်စီစဉ်သတိပေးပြီးမှ ဆောင်ရွက်ရန်၊

(ဃ) လုပ်ငန်းခွင်အသုံးပြုမှုနှင့်စပ်လျဉ်း၍ လုပ်ငန်းနှင့် လုပ်ကွက်နေရာအလိုက် မှတ်တမ်းထားရှိရန်နှင့် တာဝန်ရှိသူများမှ လာရောက်စစ်ဆေးလျှင် မှတ်တမ်းစာအုပ်နှင့်အတူ အစစ်ဆေးခံနိုင်ရေးအတွက် စီစဉ်ထားရှိရန်၊

(င) လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် အရည်အချင်းပြည့်စုံသော နားလည်ကျွမ်းကျင်သူများကို တိကျစွာ တာဝန်ပေးကြပ်မတ်လုပ်ကိုင်စေရန်၊

(စ) ခွင့်ပြုချက်ရယူ၍ တရားဝင်လွှဲပြောင်းခြင်း သို့မဟုတ် ထပ်ဆင့် ဖြန့်ဝေခြင်းဆောင်ရွက်ပါက ထိုသို့ဆောင်ရွက်မှုအတွက် စာရင်းမှတ်တမ်းအထောက်အထားများဖြင့် သတ်မှတ်လုပ်ငန်းနည်းစနစ်နှင့်အညီ ထားရှိရန်၊

(ဆ) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို မသက်ဆိုင်သူများထံသို့ မရောက်ရှိစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှတာဝန်ခံ၍ အထူးဂရုပြုကြပ်မတ်ဆောင်ရွက်ရန်။

၄၉။ သက်ဆိုင်ရာလုပ်ငန်းခွင်တာဝန်ခံသည် နည်းဥပဒေ ၄၇ အရ လက်ခံရရှိသော လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကိုအသုံးပြုပြီး တစ်နေ့တာလုပ်ငန်းပြီးဆုံးချိန်၌ ကျန်ရှိသော လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို အမျိုးအမည်၊ အမျိုးအစား၊ အရေအတွက် စာရင်းပြုစု၍ နည်းဥပဒေ ၄၆ အရ ထုတ်ပေးသူအား ပြန်လည်အပ်နှံရန်နှင့် ထုတ်ယူသူသည် မူလထုတ်ယူလာသောယမ်းတိုက်သို့ သတ်မှတ်ချက်နှင့်အညီ နည်းဥပဒေ ၄၅ နည်းဥပဒေခွဲ(က)အရ တာဝန်ပေးအပ်သည့်တာဝန်ခံထံသို့ စနက်တံ (Detonator)၊ စနက်ကြိုး (Detonating Cord) နှင့် ယမ်းကြိုး (Safety Fuse) တို့ကို သီးခြားသေတ္တာဖြင့် သော့ခတ်၍ ထုတ်ယူစဉ်ကဲ့သို့ စနစ်တကျ နေ့ချင်းပြန်လည်အပ်နှံရမည်။

၅၀။ နည်းဥပဒေ ၄၅ နည်းဥပဒေခွဲ(က)အရ တာဝန်ပေးအပ်သည့်တာဝန်ခံသည် ပြန်လည်အပ်နှံသည့်လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို တိုက်ဆိုင်စစ်ဆေး၍ လက်ခံယူပြီး လက်မှတ်ရေးထိုးပေးရန်နှင့် ပစ္စည်းအမျိုးအမည်၊ အမျိုးအစားနှင့် အရေအတွက်များကို လယ်ဂျာစာရင်းနှင့် အစုအပုံကတ်ပြား (Stack Board & Stack Card) များ၌ ပြန်လည်စာရင်းရေးသွင်းထားရှိရမည်။

အခန်း(၅)

ဖျက်ဆီးခြင်းကို ခွင့်ပြုရန်လျှောက်ထားခြင်းနှင့် ခွင့်ပြုပေးခြင်း

၅၁။ ခွင့်ပြုချက်ရရှိသူသည် လိုင်စင်ရရှိသည့်ယမ်းတိုက်၌ သိုလှောင်ထားရှိသည့် လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို ဖျက်ဆီးခြင်းကို ခွင့်ပြုရန် သက်ဆိုင်ရာအစိုးရလုပ်ငန်း သို့မဟုတ် အစိုးရဌာနများမှတစ်ဆင့် ဝန်ကြီးဌာနသို့ ပုံစံ(၈) နှင့်အတူ အောက်ပါတို့ကို ဖော်ပြ၍ လျှောက်ထားရမည်-

(က) ဖျက်ဆီးခြင်းကိုခွင့်ပြုရန် ဆောင်ရွက်လိုသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းအမျိုးအမည်၊ အမျိုးအစား၊ အရေအတွက်၊

(ခ) တင်သွင်းခြင်းအတွက် ခွင့်ပြုချက်ရရှိခဲ့သည့် ရက်စွဲနှင့် အထောက်အထား၊ ထားသိုသည့်သက်တမ်းကာလ၊

(ဂ) မည်သည့်အတွက်ကြောင့်ဖျက်ဆီးခြင်းကိုဆောင်ရွက်လိုကြောင်း ရှင်းလင်းဖော်ပြချက်၊

(ဃ) ဖျက်ဆီးခြင်းဆောင်ရွက်မည့် အစီအစဉ်။

၅၂။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၅၁ အရ ဖျက်ဆီးခြင်းကို ခွင့်ပြုရန် လျှောက်ထားချက်ကို လက်ခံရရှိလျှင် ဖျက်ဆီးခြင်းကို ဆောင်ရွက်လိုသည့် ကိစ္စရပ်ကို စိစစ်တင်ပြရန် စစ်ဆေးရေး အရာရှိချုပ်အား တာဝန်ပေးရမည်။

၅၃။ စစ်ဆေးရေးအရာရှိချုပ်သည် လျှောက်ထားလာသော ဖျက်ဆီးခြင်းကို ဆောင်ရွက်လိုသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို သတ်မှတ်ချက်နှင့်ညီညွတ်မှု ရှိ မရှိ စစ်ဆေးဆောင်ရွက်ပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၅၄။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၅၃ အရ စစ်ဆေးရေးအရာရှိချုပ်၏ တင်ပြချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်ကြောင်း တွေ့ရှိပါက စိစစ်ချက်ကို သက်ဆိုင်သည့် အချက်အလက် အထောက်အထားများနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သို့ ပေးပို့ရမည်။

၅၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သည် နည်းဥပဒေ ၅၄ အရ ဝန်ကြီးဌာနက ပေးပို့လာသော လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ဖျက်ဆီးခြင်းကို ဆောင်ရွက်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့က တာဝန်ပေးဖွဲ့စည်းထားသည့် ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီသို့ စိစစ်တင်ပြရန် တာဝန်ပေးအပ်ရမည်။

၅၆။ ယမ်းဘီလူးဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီသည် ကိုယ်စားလှယ်တစ်ဦးကိုအဖွဲ့ခေါင်းဆောင်အဖြစ်ဆောင်ရွက်စေပြီး ဝန်ကြီးဌာနနှင့်လျှောက်ထားသူ၏ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ဖြင့် လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ ဖျက်ဆီးခြင်းကို ဆောင်ရွက်ရန် သင့် မသင့် စစ်ဆေးပြီး ဖျက်ဆီးခြင်းဆောင်ရွက်သင့်သည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများစာရင်းကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သို့ တင်ပြရမည်။

၅၇။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သည် နည်းဥပဒေ ၅၆ အရ တင်ပြချက်ကို လိုအပ်သည်များစိစစ်ပြီး ဖျက်ဆီးခြင်းဆောင်ရွက်သင့်သည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၏ အတည်ပြုချက်ဖြင့် ဖျက်ဆီးခြင်းကို ဆောင်ရွက်ရမည်။

အခန်း (၆)

သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း

၅၈။ နည်းဥပဒေ ၁၇ နှင့် နည်းဥပဒေ ၁၈ တို့အရ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ သယ်ယူပို့ဆောင်ခွင့် ခွင့်ပြုချက်ရရှိသူသည် ထုတ်ယူမည့်နေရာမှ ထားသိုမည့်ယမ်းတိုက်သို့ သယ်ယူရာတွင် အောက်ပါသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်-

(က) သယ်ယူမှုကို လေကြောင်းခရီးစဉ် သို့မဟုတ် ရေကြောင်းခရီးစဉ် သို့မဟုတ် ကုန်းလမ်းခရီးစဉ်ဖြင့် စီစဉ်ဆောင်ရွက်လျှင် သီးသန့် စင်းလုံးငှားယာဉ်များဖြင့် သယ်ယူရန်နှင့် ထိုသို့သယ်ယူရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများက စီမံခန့်ခွဲသော ဥပဒေ၊နည်းဥပဒေများ၊လုပ်ထုံးလုပ်နည်းများနှင့်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ခ) စနက်တံ(Detonator)သေတ္တာများကို ယမ်းဘီလူးသေတ္တာများ သို့မဟုတ် အမိုနီယမ်နိုက်ထရိတ်ထည့်သွင်းထားသောအိတ်များနှင့်အတူ ရောနှောသယ်ယူခြင်းမပြုရန်နှင့် သီးသန့်ခွဲ၍သယ်ယူရန်၊ မော်တော်ယာဉ်ဖြင့်သယ်ယူလျှင် သီးသန့်ယာဉ်တစ်စီးစီဖြင့် သယ်ယူရန်၊

(ဂ) သယ်ယူမည့်ခရီးစဉ်လမ်းကြောင်းအတွက် လုံခြုံရေးအစီအစဉ်ကို ဤနည်းဥပဒေများနှင့်အညီ ကြိုတင်ခွင့်ပြုချက် တောင်းခံမှုရရှိပြီးမှ သယ်ယူဆောင်ရွက်ရန်နှင့် ခရီးစဉ်အစမှအဆုံးအထိ တာဝန်ခံအရာရှိအဆင့်ဝန်ထမ်း သို့မဟုတ် အဆင့်တူ တာဝန်ခံကြီးကြပ်သူများပါဝင်သောအဖွဲ့ဖြင့် သယ်ယူရန်၊

(ဃ) ပစ္စည်းများကို အတင်အချ ပြုလုပ်ရာတွင် ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် ရေမစိုစေရန် စီမံဆောင်ရွက်ထားရှိရန်၊

(င) သယ်ယူမည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ထည့်သွင်းထုပ်ပိုးထားသည့်သေတ္တာပေါ်တွင် အခြားပစ္စည်းများ မထားရှိရန်နှင့် ခရီးစဉ်လမ်းကြောင်းခွဲသွားလာနေစဉ် ပြင်ဆင်ထုပ်ပိုးရန်လိုပါက တာဝန်ခံအရာရှိထံ သတင်းပေးပို့၍ စနစ်တကျ ပြန်လည်ထုပ်ပိုးထားရှိရန်၊

(စ) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ပစ်တင်ခြင်း၊ ပစ်ချခြင်း၊ ပွတ်တိုက်ဆွဲယူခြင်း၊ ထုရိုက်ဆောင်ရွက်ခြင်း မပြုလုပ်ရန်၊

(ဆ) သယ်ဆောင်သည့်ယာဉ်အသီးသီးတွင် "မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာများ" သတ်မှတ်ချက်နှင့်အညီ ပြည့်စုံစွာထားရှိရန်နှင့် မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် ပစ္စည်းများ ရောနှောသယ်ဆောင်သွားခြင်း မပြုရန်။

၅၉။ ခွင့်ပြုချက်ရရှိသူသည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို မော်တော်ယာဉ်ဖြင့် သယ်ယူရာတွင် အောက်ပါသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်-

(က) ယာဉ်တန်း၏ ရှေ့ဆုံးယာဉ်နှင့် နောက်ဆုံးယာဉ်တွင် အနီရောင်အလံအမှတ်အသားများ တပ်ဆင်ထားရှိရန်၊

(ခ) ယာဉ်တန်း၌ ပါရှိသော မော်တော်ယာဉ်များပေါ်တွင် လမ်းခရီးလုံခြုံရေးအတွက် ခွင့်ပြုချက်ပေးထားသော တာဝန်ခံအရာရှိနှင့် အဖွဲ့ဝင်များသာ လိုက်ပါစေရန်နှင့် ခွင့်ပြုချက်တွင် မပါရှိသူ မည်သူမျှလိုက်ပါစေခြင်း မပြုရန်၊

(ဂ) ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီးနှင့်တစ်စီးသည် အနည်းဆုံး ပေ (၃၀၀) အကွာအဝေးဖြင့် မောင်းနှင်ရန်၊

(ဃ) လမ်းခရီး၌ရပ်နားသည့် အချိန်တွင် လုံခြုံရေးအစောင့်အရှောက်ဖြင့် မော်တော်ယာဉ်များကို ပေ (၃၀၀) ခွာ၍ ရပ်နားရန်၊

(င) ယာဉ်တန်းကို ခရီးစဉ်လမ်းကြောင်းပေါ်ရှိ မြို့ သို့မဟုတ် လူစည်ကားသည့်နေရာတွင် ရပ်နားခြင်းမပြုရန်၊

(စ) ခရီးလမ်းကြောင်း၌ ညအိပ်ရပ်နားရာတွင် ခရီးစဉ်လုံခြုံရေးအစီအစဉ်ပါ သတ်မှတ်နေရာတွင်သာ ရပ်နားရန်၊

(ဆ) ခရီးစဉ်အား ကြီးကြပ်ဆောင်ရွက်မည့် တာဝန်ခံအရာရှိနှင့် လုံခြုံရေးဆိုင်ရာတာဝန်ယူမည့် အရာရှိတို့သည် ယာဉ်တန်း၏ ရှေ့ဆုံးမော်တော်ယာဉ်နှင့် နောက်ဆုံးမော်တော်ယာဉ်တို့၌ အသီးသီးလိုက်ပါရန်၊

(ဇ) ယာဉ်တန်းဖြင့်ထွက်ခွာနေစဉ်တွင် လိုအပ်ချက်အရ ရပ်နားလိုလျှင် သတ်မှတ်ထားသည့် အချက်ပြသည့်နည်းစနစ်ကို ယာဉ်မောင်းသူများနှင့် ယာဉ်နောက်လိုက်များကို ကြိုတင်အသိပေးထားရန်၊

(ဈ) ယာဉ်တန်းအတွင်းပါရှိသည့် မော်တော်ယာဉ်တစ်စီးစီး စက်ချို့ယွင်း၍ ရပ်နားရမည်ဆိုပါက ယာဉ်တန်းအား ရပ်နားမည့်အစီအစဉ်၊ ဆက်လက်ထွက်ခွာမည့်အစီအစဉ်တို့ကို ကြိုတင်၍ ယာဉ်မောင်းနှင့် ယာဉ်မောင်းအကူတို့အား ညွှန်ကြားထားရန်။

အခန်း(၇)

စစ်ဆေးဆောင်ရွက်ခြင်း

၆၀။ လိုင်စင်ရရှိသူသည် စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိချုပ်က တာဝန်ပေးအပ်ထားသော စစ်ဆေးရေးအရာရှိများမှ ယမ်းတိုက်အား စစ်ဆေးခြင်းကို ခံယူရမည်ဖြစ်ပြီး ယင်းသို့ စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် သင့်လျော်သောအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို စီစဉ်ပေးရမည်။

၆၁။ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိချုပ်က တာဝန်ပေးအပ်ထားသော စစ်ဆေးရေးအရာရှိများသည် လိုင်စင်ရရှိသူအား သုံးရက်ထက်မနည်းကြိုတင်၍ အကြောင်းကြားပြီးနောက် ယမ်းတိုက်အားစစ်ဆေးခြင်းကို မည်သည့်အချိန်တွင်မဆို စစ်ဆေးဆောင်ရွက်နိုင်သည်။

၆၂။ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိချုပ်က တာဝန်ပေးအပ်ထားသော စစ်ဆေးရေးအရာရှိများသည် ယမ်းတိုက်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို စစ်ဆေးဆောင်ရွက်ရန်နှင့် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ဝန်ကြီးဌာနသို့ တင်ပြရမည် -

(က) လိုင်စင်ရယမ်းတိုက်များသည် ခွင့်ပြုထားသော သတ်မှတ်အင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်မှု ရှိ မရှိ၊

(ခ) လိုင်စင်ရယမ်းတိုက်အတွင်း လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကိုခွင့်ပြုထားသည့်ဝင်ဆံ့ပမာဏထက်ပိုမို၍သိုလှောင်ထားခြင်း သို့မဟုတ် ခွင့်ပြုချက်မရရှိထားသောပစ္စည်းများကို သိုလှောင်ထားခြင်း ရှိ မရှိ၊

(ဂ) လိုင်စင် သက်တမ်းတိုးမြှင့်ခြင်း မရှိသော ယမ်းတိုက်၌ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ သိုလှောင်ထားခြင်း ရှိ မရှိ၊

(ဃ) ယမ်းတိုက်အတွင်းသိုလှောင်ထားရှိသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများသည် ယမ်းတိုက်ရှိ လယ်ဂျာစာရင်း၊ စုပုံကတ်ပြား (Stack Board and Stack Card) စာရင်းပါ အမျိုးအမည်၊ အမျိုးအစားနှင့်အရေအတွက် ကိုက်ညီမှု ရှိ မရှိ၊

(င) ယမ်းတိုက်ပတ်ဝန်းကျင်တွင် လူနေအဆောက်အဦများ တိုးချဲ့လာမှု ရှိ မရှိနှင့် ဘေးကင်းလုံခြုံမှုအကွာအဝေး ရှိ မရှိ၊

(စ) လိုင်စင်ရရှိသူသည် လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ မရှိ။

၆၃။ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိချုပ်က တာဝန်ပေးအပ်ထားသော စစ်ဆေးရေးအရာရှိများသည် ခွင့်ပြုချက်ရရှိသူက ဥပဒေနှင့် ဤနည်းဥပဒေများပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက အရေးယူနိုင်ရေးအတွက် ဝန်ကြီးဌာနသို့ တင်ပြရမည်။

အခန်း(၈)

အထွေထွေ

၆၄။ လိုင်စင်ရရှိသူသည် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ယမ်းတိုက်နှင့် ယမ်းတိုက်အတွင်း သိုလှောင်ထားရှိသော လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို ကျွမ်းကျင်ဝန်ထမ်းများနှင့်အတူ ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ၏ သက်တမ်းကို စစ်ဆေးခြင်းတို့အား ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်သည့် မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည်။

၆၅။ လိုင်စင်ရရှိသူသည် ယမ်းတိုက်တစ်ခုချင်းအလိုက် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့်စပ်လျဉ်းသောပြန်တမ်းကို ပုံစံ(၉) ပါအတိုင်း လစဉ် လဆန်းသုံးရက်နေ့မတိုင်မီ ဝန်ကြီးဌာနသို့တင်ပြရမည်။ မိတ္တူကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးနှင့် စစ်ဆေးရေးအရာရှိချုပ်ထံသို့ ပေးပို့ရမည်။

၆၆။ ခွင့်ပြုချက်ရရှိလိုသူသည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာ လုပ်ငန်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာသည့် အခက်အခဲများအရ ပြောင်းလဲပြင်ဆင်ပေးရန်လိုအပ်လာပါက သတ်မှတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ပေးရန် ဝန်ကြီးဌာနသို့လျှောက်ထားတင်ပြနိုင်သည်။ ဝန်ကြီးဌာနသည် တင်ပြလာမှုကို စိစစ်ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် ညှိနှိုင်းဆက်သွယ်ဆောင်ရွက်ပေးရမည်။

၆၇။ လိုင်စင်ရရှိသူသည် လိုင်စင်ပါ ခွင့်ပြုပမာဏထက်ပိုသော သို့မဟုတ် ခွင့်ပြုချက်မရှိသော လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို ယမ်းတိုက်တွင် လက်ခံသိုလှောင်ထားပါက ဥပဒေပါပြစ်ဒဏ်များ ချမှတ်ခြင်းခံရမည်။

၆၈။ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေမပြဋ္ဌာန်းမီ ယခင်ဥပဒေအရ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ သိုလှောင်ခွင့်ပြုထားသည့် ယမ်းတိုက်များအတွက် ဤနည်းဥပဒေများနှင့်အညီ လိုင်စင်လျှောက်ထားရယူရမည်။

၆၉။ ၁၈၉၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင်ထုတ်ပြန်ခဲ့သော The Explosive Rules ကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) ခင်မောင်ရီ

ပြည်ထောင်စုဝန်ကြီး

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စာအမှတ်၊ ၃ ခွဲ (၂) ၂၂/ သတ္တု (၇၉၀၈)

ရက်စွဲ ၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

} မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ဤဝန်ကြီးဌာနရှိ ဦးစီးဌာန/ လုပ်ငန်းများ

ဤဝန်ကြီးရုံးရှိ ဌာနခွဲများအားလုံး

ရုံးလက်ခံ

အမိန့်အရ

ဦး ခ.ဧ.ပမိ

လှမောင်သိန်း

အမြဲတမ်းအတွင်းဝန်

ပုံစံ (၁)

လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ တင်သွင်းခြင်းပြုလုပ်ရန် မှာယူမှုအတွက် ခွင့်ပြုချက်လျှောက်ထားခြင်း

သို့

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

မှတစ်ဆင့်

သက်ဆိုင်ရာအစိုးရလုပ်ငန်း သို့မဟုတ် အစိုးရဌာန

ရက်စွဲ၊

အကြောင်းအရာ။ **လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများတင်သွင်းခြင်းပြုလုပ်ရန် မှာယူမှုအတွက် ခွင့်ပြုချက်လျှောက်ထားခြင်း**

၁။ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ တင်သွင်းခြင်းပြုလုပ်ရန် မှာယူမှုအတွက် နည်းဥပဒေ ၃ အရ အောက်ပါအချက်အလက်များဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

(က) ခွင့်ပြုချက်တောင်းခံသည့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ၏-

(၁) အမည်၊

(၂) မှတ်ပုံတင်အမှတ်၊

(၃) အမြဲတမ်းနေရပ်လိပ်စာ၊

(၄) ဆက်သွယ်ရန် လိပ်စာ၊ ဖုန်း၊ ဖက်စ်အမှတ်၊ အီးမေးလ်လိပ်စာ၊

(၅) စီမံခန့်ခွဲမည့်သူများ/ ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ရာထူးတာဝန်၊

(ခ) ခွင့်ပြုချက်တောင်းခံသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း-

(၁) အမျိုးအမည်၊

(၂) အမျိုးအစား၊

(၃) ပမာဏ၊

(ဂ) အသုံးပြုမည့်လုပ်ငန်း သို့မဟုတ် စီမံကိန်းအမည်၊

(ဃ) သိုလှောင်ခွင့်လိုင်စင်ရရှိထားသည့် ယမ်းတိုက်တည်နေရာ၊

(င) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများလိုအပ်ချက်အပေါ် အသေးစိတ် တွက်ချက်တင်ပြမှု၊

(စ) ဖောက်ခွဲမည့်နည်းစနစ်နှင့် ပုံစံဖော်ပြချက်(Blasting Method and Pattern)၊

(ဆ) သုံးစွဲမည့်ကာလ၊

(ဇ) နည်းဥပဒေ ၃ ပါ အချက်အလက်များ၊

၂။ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြု အပ်ပါသည်။

လက်မှတ်၊----------

အမည်၊----------

အစိုးရဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီအမည်၊----------

၃။ အထက်ဖော်ပြပါ ရေးသွင်းဖော်ပြထားသည့် အချက်အလက်များ၊ ကိန်းဂဏန်းများနှင့် လုပ်ငန်းလိုအပ်ချက်အရ ခွင့်ပြုချက် လျှောက်ထားမှု မှန်ကန်ကြောင်း အတည်ပြုထောက်ခံအပ် ပါသည်။

လက်မှတ်၊----------

အမည်၊----------

အစိုးရလုပ်ငန်း၊ အစိုးရဌာနအမည်၊----------

ပုံစံ (၂)

လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများသယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်းသို့မဟုတ် လွှဲပြောင်းခြင်းဆောင်ရွက်ရန် ခွင့်ပြုချက်လျှောက်ထားခြင်း

သို့

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

မှတစ်ဆင့်

သက်ဆိုင်ရာအစိုးရလုပ်ငန်း သို့မဟုတ် အစိုးရဌာန

ရက်စွဲ၊

အကြောင်းအရာ။ **လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် လွှဲပြောင်းခြင်း ဆောင်ရွက်ရန် ခွင့်ပြုချက်လျှောက်ထားခြင်း**

၁။ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ ထုတ်ယူ၍ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် လွှဲပြောင်းခြင်းကို နည်းဥပဒေ ၁၂ အရ အောက်ပါအချက်အလက်များဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

(က) ခွင့်ပြုချက်တောင်းခံသည့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ၏-

(၁) အမည်၊

(၂) မှတ်ပုံတင်အမှတ်၊

(၃) အမြဲတမ်းနေရပ်လိပ်စာ၊

(၄) ဆက်သွယ်ရန် လိပ်စာ၊ ဖုန်း၊ ဖက်စ်အမှတ်၊ အီးမေးလ်လိပ်စာ၊

(၅) စီမံခန့်ခွဲမည့်သူများ/ ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ရာထူးတာဝန်၊

(ခ) အသုံးပြုမည့်လုပ်ငန်း သို့မဟုတ် စီမံကိန်းအမည်၊

(ဂ) လျှောက်ထားလိုသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းအမျိုးအစား၊ ပမာဏ၊

(ဃ) သိုလှောင်ခွင့်လိုင်စင်ရရှိထားသည့် ယမ်းတိုက်တည်နေရာ၊ ဝင်ဆုံမှုပမာဏ၊

(င) ထုတ်ယူ/ သယ်ဆောင်မည့် ခရီးစဉ်၊

၂။ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

လက်မှတ်၊----------

အမည်၊----------

အစိုးရဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီအမည်၊----------

၃။ အထက်ဖော်ပြပါ ရေးသွင်းဖော်ပြထားသည့် အချက်အလက်များ၊ ကိန်းဂဏန်းများနှင့် လုပ်ငန်းလိုအပ်ချက်အရ ခွင့်ပြုချက် လျှောက်ထားမှု မှန်ကန်ကြောင်း အတည်ပြုထောက်ခံအပ်ပါသည်။

လက်မှတ်၊----------

အမည်၊----------

အစိုးရလုပ်ငန်း၊ အစိုးရဌာနအမည်၊----------

ပုံစံ (၃)

လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများသိုလှောင်ရေးအတွက် ယမ်းတိုက် ဆောက်လုပ်ရန် မြေနေရာအတည်ပြုချက်ရရှိရေး လျှောက်ထားခြင်း

သို့

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

မှတစ်ဆင့်

သက်ဆိုင်ရာအစိုးရလုပ်ငန်း သို့မဟုတ် အစိုးရဌာန

ရက်စွဲ၊

အကြောင်းအရာ။ **လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ သိုလှောင်ရေးအတွက် ယမ်းတိုက်ဆောက်လုပ်ရန် မြေနေရာအတည်ပြုချက်ရရှိရေး လျှောက်ထားခြင်း**

၁။ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ သိုလှောင်ရန်အတွက် ယမ်းတိုက် ဆောက်လုပ်ရန် မြေနေရာအတည်ပြုချက်ရရှိရေးအတွက် နည်းဥပဒေ ၂၀ အရ အောက်ပါအချက် အလက်များဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

(က) ခွင့်ပြုချက်တောင်းခံသည့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ၏-

(၁) အမည်၊

(၂) မှတ်ပုံတင်အမှတ်၊

(၃) အမြဲတမ်းနေရပ်လိပ်စာ၊

(၄) ဆက်သွယ်ရန် လိပ်စာ၊ ဖုန်း၊ ဖက်စ်အမှတ်၊ အီးမေးလ်လိပ်စာ၊

(၅) စီမံခန့်ခွဲမည့်သူများ/ ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်အမှတ်နှင့် ရာထူးတာဝန်၊

(ခ) ယမ်းတိုက်တည်ဆောက်မည့်နေရာ (တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ်၊ ဒေသ)၊

(ဂ) တည်ဆောက်မည့်ယမ်းတိုက်၏ ဝင်ဆံ့ပမာဏ၊

(ဃ) အသုံးပြုမည့်လုပ်ငန်း သို့မဟုတ် စီမံကိန်းအမည်၊

(ဂ) သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၏ ထောက်ခံချက်၊

(စ) ၂၄ နာရီလုံခြုံမှုအတွက် တာဝန်ယူဆောင်ရွက်မှုအခြေအနေ၊ လုံခြုံမှုပေးနိုင်ကြောင်း ထောက်ခံချက်၊

(ဆ) အသုံးပြုလိုသည့် မြေနေရာနှင့်ပတ်သက်သည့် ခွင့်ပြုချက် အထောက်အထား တည်နေရာပြမြေပုံနှင့် အကွက်ချမြေပုံ၊

(ဇ) နည်းဥပဒေ ၂၀ ပါ အချက်အလက်များ၊

၂။ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြု အပ်ပါသည်။

လက်မှတ်၊----------

အမည်၊----------

အစိုးရဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီအမည်၊----------

၃။ အထက်ဖော်ပြပါ ရေးသွင်းဖော်ပြထားသည့် အချက်အလက်များ၊ ကိန်းဂဏန်းများနှင့် လုပ်ငန်းလိုအပ်ချက်အရ ခွင့်ပြုချက် လျှောက်ထားမှု မှန်ကန်ကြောင်း အတည်ပြုထောက်ခံအပ် ပါသည်။

လက်မှတ်၊----------

အမည်၊----------

အစိုးရလုပ်ငန်း၊ အစိုးရဌာနအမည်၊----------

ပုံစံ (၄)

လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ သိုလှောင်ရေးအတွက် ယမ်းတိုက်လိုင်စင်ရရှိရေး လျှောက်ထားခြင်း

သို့

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

မှတစ်ဆင့်

သက်ဆိုင်ရာအစိုးရလုပ်ငန်း သို့မဟုတ် အစိုးရဌာန

ရက်စွဲ၊

အကြောင်းအရာ။ **လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ သိုလှောင်ရေးအတွက် ယမ်းတိုက်လိုင်စင်ရရှိရေး လျှောက်ထားခြင်း**

၁။ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ သိုလှောင်ရန်အတွက် ယမ်းတိုက် လိုင်စင်ရရှိရေးအတွက် နည်းဥပဒေ ၃၆ အရ အောက်ပါအချက်အလက်များဖော်ပြ၍ လျှောက်ထား အပ်ပါသည်-

(က) ခွင့်ပြုချက်တောင်းခံသည့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ၏-

(၁) အမည်၊

(၂) မှတ်ပုံတင်အမှတ်၊

(၃) အမြဲတမ်းနေရပ်လိပ်စာ၊

(၄) ဆက်သွယ်ရန် လိပ်စာ၊ ဖုန်း၊ ဖက်စ်အမှတ်၊ အီးမေးလ်လိပ်စာ၊

(ခ) ယမ်းတိုက်တည်ဆောက်သည့်နေရာ (တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ်၊ ဒေသ)၊

(ဂ) ယမ်းတိုက်၏ ဝင်ဆံ့ပမာဏ၊

(ဃ) အသုံးပြုမည့်လုပ်ငန်း သို့မဟုတ် စီမံကိန်းအမည်၊

(င) တည်ဆောက်ပြီးစီးသည့် ယမ်းတိုက်နှင့်ပတ်သက်သော မှတ်တမ်းဓာတ်ပုံများ၊

၂။ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော၀တ္ထုပစ္စည်းများဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ခွင့်ပြုချက်ပါစည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြု အပ်ပါသည်။

လက်မှတ်၊----------

အမည်၊----------

အစိုးရဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီအမည်၊----------

၃။ အထက်ဖော်ပြပါ ရေးသွင်းဖော်ပြထားသည့် အချက်အလက်များ၊ ကိန်းဂဏန်းများနှင့် လုပ်ငန်းလိုအပ်ချက်အရ ခွင့်ပြုချက် လျှောက်ထားမှု မှန်ကန်ကြောင်း အတည်ပြုထောက်ခံအပ် ပါသည်။

လက်မှတ်၊----------

အမည်၊----------

အစိုးရလုပ်ငန်း၊ အစိုးရဌာနအမည်၊----------

ပုံစံ (၅)

လိုင်စင်ကြေး----------ကျပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သတ္တုတွင်းဦးစီးဌာန

"ယမ်းတိုက်" လိုင်စင်

[ပုဒ်မ ၁၁ ပုဒ်မခွဲ (ခ)]

လိုင်စင်အမှတ်၊ ..... ---------ရက်၊ ----------လ၊ ----------ခုနှစ်

စစ်ဆေးရေးအရာရှိချုပ်သည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤယမ်းတိုက်လိုက်စင်ကို ထုတ်ပေးလိုက်သည်။

(၁) လိုင်စင်ခွင့်ပြုချက်ရရှိသူ/ ကုမ္ပဏီ/ အဖွဲ့အစည်း/ လုပ်ငန်းဌာနအမည် ----------

(၂) ယမ်းတိုက်တည်နေရာ ----------

(၃) ယမ်းတိုက်အတိုင်းအတာ အလျား--------၊ အနံ--------၊ အမြင့်--------

(၄) သိုလှောင်ခွင့်ပြုသည့်ပမာဏ ----------

(၅) သိုလှောင်ခွင့်ပြုသည့် အမျိုးအစား ----------

(၆) (၂၄)နာရီလုံခြုံရေးပေးသည့်အဖွဲ့အစည်း ----------

(၇) လိုင်စင်သက်တမ်း (---.---.-----) မှ (----.---.------)အထိ

ဤလိုင်စင်၏ သက်တမ်းသည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဥပဒေ ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်အတိုင်း စတင်ထုတ်ပေးသည့်နေ့မှစ၍ (၁)နှစ်ဖြစ်ပြီး ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ သက်တမ်းတိုးလျှောက်ထားနိုင်သည်။

စစ်ဆေးရေးအရာရှိချုပ်

သတ္တုတွင်းဦးစီးဌာန

ယမ်းတိုက်လိုင်စင်အမှတ်၊ ၂၂၁/ ၁/ ၀၀၀၁ EE, AE

ယမ်းတိုက်တည်နေရာ၊ ----------

သက်တမ်းတိုးရက်စွဲ	သက်တမ်းကုန်ဆုံးရက်စွဲ	လိုင်စင်ထုတ်ပေးခွင့်ရှိသူ၏လက်မှတ်

မှတ်ချက်။ (၁) ဤလိုင်စင်ကို ခွင့်ပြုချက်မရှိဘဲ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း မပြုလုပ်ရ။

(၂) ယမ်းတိုက် မြေနေရာရွေးချယ်ရေးအဖွဲ့က အတည်ပြု ရွေးချယ်ထားသော နေရာမှ နေရာပြောင်းရွှေ့ခြင်း ဖြစ်ပေါ်ပါက လိုင်စင်ပျက်ပြယ်သည်။

(၃) စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိမှ လိုင်စင် မူရင်းအား တောင်းခံသည့်အခါတွင် ပြသရမည်။

ပုံစံ (၆)

လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများပြုလုပ်ခြင်းအတွက် ခွင့်ပြုချက်လျှောက်ထားခြင်း

သို့

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

မှတစ်ဆင့်

သက်ဆိုင်ရာအစိုးရလုပ်ငန်းသို့မဟုတ် အစိုးရဌာန

ရက်စွဲ၊

အကြောင်းအရာ။ **လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ ပြုလုပ်ခြင်းအတွက် ခွင့်ပြုချက်လျှောက်ထားခြင်း**

၁။ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ ပြုလုပ်ခြင်းကို နည်းဥပဒေ ၂၉ နည်းဥပဒေခွဲ(က)အရ အောက်ပါအချက်အလက်များ ဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

(က) ကုမ္ပဏီ၏ အမည်၊

(ခ) ကုမ္ပဏီမှတ်ပုံတင်အမှတ်၊

(ဂ) အမြဲတမ်းနေရပ်လိပ်စာ၊

(ဃ) ဆက်သွယ်ရန် လိပ်စာ၊ ဖုန်း၊ ဖက်စ်အမှတ်၊ အီးမေးလ်လိပ်စာ၊

(င) ကုမ္ပဏီ၊ အဖွဲ့အစည်းကို စီမံခန့်ခွဲမည့်သူများ/ ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ရာထူးတာဝန်၊

(စ) ပြုလုပ်လိုသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း (နည်းဥပဒေ ၂၉ နည်းဥပဒေခွဲ(ခ)ပါ) အချက်အလက်များ-

(၁) အမျိုးအမည်၊

(၂) အမျိုးအစား၊

(၃) အရေအတွက်၊

(၄) ပြုလုပ်ဆောင်ရွက်လိုသည့် အကြောင်းကိစ္စ၊

(၅) အသုံးပြုလိုသည့် လုပ်ငန်းနေရာ သို့မဟုတ် စီမံကိန်းတည်နေရာနှင့် ရှင်းလင်းဖယ်ရှားဆောင်ရွက်လိုသည့် လုပ်ငန်းပမာဏ၊

(၆) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ တင်သွင်းခြင်းအတွက် ခွင့်ပြုချက်ရရှိခဲ့သည့် ရက်စွဲနှင့် အထောက်အထား၊

(၇) ယမ်းတိုက်အတွင်း ထားသိုသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းအမျိုးအမည်နှင့် လက်ကျန်အရေအတွက်၊

(၈) ပြုလုပ်ခြင်းကို ဆောင်ရွက်မည့်အစီအစဉ်။

၂။ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

လက်မှတ်၊----------

အမည်၊----------

အစိုးရဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီအမည်၊----------

၃။ အထက်ဖော်ပြပါ ရေးသွင်းဖော်ပြထားသည့် အချက်အလက်များ၊ ကိန်းဂဏန်းများနှင့် လုပ်ငန်းလိုအပ်ချက်အရ ခွင့်ပြုချက် လျှောက်ထားမှု မှန်ကန်ကြောင်း အတည်ပြုထောက်ခံအပ်ပါသည်။

လက်မှတ်၊----------

အမည်၊----------

အစိုးရလုပ်ငန်း၊ အစိုးရဌာနအမည်၊----------

(၂)ဇယား

စုပုံကြေးငွေတိုင်းဒေသကြီးများတွင်ဆောင်ရွက်သည့်ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုပေးသည့်ဌာန

ဌာန						
လူဦးရေအားဖြင့်						
ဆေးရုံအားဖြင့်						
ပုံမှန်ဝန်ဆောင်မှုအဖွဲ့						
လှုပ်ရှားမှုအဖွဲ့						
ကျန်းမာရေးအဖွဲ့						

( )Item Only

ဆေးဝါးကုသမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်ဌာန/ဆေးဝါးကုသမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်ဌာနအမျိုးအစားအလိုက်ဆေးရုံအားဖြင့်လူဦးရေအားဖြင့်

ဆေးရုံအားဖြင့်-----------

လူဦးရေအားဖြင့်-----------

ပုံမှန်ဝန်ဆောင်မှုအဖွဲ့-----------

ဆေးရုံအားဖြင့်-----------

လူဦးရေအားဖြင့်-----------

လှုပ်ရှားမှုအဖွဲ့-----------

ဆေးရုံအားဖြင့်-----------

လူဦးရေအားဖြင့်-----------

ကျန်းမာရေးအဖွဲ့-----------

ဆေးရုံအားဖြင့်-----------

လူဦးရေအားဖြင့်-----------

ပုံစံ (၈)

လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဖျက်ဆီးခြင်းကိုဆောင်ရွက်ရန် ခွင့်ပြုချက်လျှောက်ထားခြင်း

သို့

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

မှတစ်ဆင့်

သက်ဆိုင်ရာအစိုးရလုပ်ငန်းသို့မဟုတ် အစိုးရဌာန

ရက်စွဲ၊

အကြောင်းအရာ။ **လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ဖျက်ဆီးခြင်းကို ဆောင်ရွက်ရန် ခွင့်ပြုချက်လျှောက်ထားခြင်း**

၁။ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ ဖျက်ဆီးခြင်းကို ဆောင်ရွက်နိုင်ရေးအတွက် နည်းဥပဒေ ၅၁ အရ အောက်ပါအချက်အလက်များ ဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

(က) ခွင့်ပြုချက်တောင်းခံသည့် အစိုးရဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၏

(၁) မှတ်ပုံတင်အမှတ်၊

(၂) အမြဲတမ်းနေရပ်လိပ်စာ၊

(၃) ဆက်သွယ်ရန် လိပ်စာ၊ ဖုန်း၊ ဖက်စ်အမှတ်၊ အီးမေးလ်လိပ်စာ၊

(၄) ကုမ္ပဏီ၊ အဖွဲ့အစည်းကို စီမံခန့်ခွဲမည့်သူများ/ ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ရာထူးတာဝန်၊

(၅) နည်းဥပဒေ ၅၁ ပါ ဖော်ပြချက်များ။

(ခ) ဖျက်ဆီးခြင်းကိုဆောင်ရွက်လိုသည့် လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ-

(၁) အမျိုးအမည်၊

(၂) အမျိုးအစား၊

(၃) အရေအတွက်၊

(၄) ဖျက်ဆီးခြင်းကို ဆောင်ရွက်လိုသည့် အကြောင်းရှင်းလင်းဖော်ပြချက်။

၂။ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြု အပ်ပါသည်။

လက်မှတ်၊----------

အမည်၊----------

အစိုးရဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီအမည်၊----------

၃။ အထက်ဖော်ပြပါ ရေးသွင်းဖော်ပြထားသည့် အချက်အလက်များ၊ ကိန်းဂဏန်းများနှင့် လုပ်ငန်းလိုအပ်ချက်အရ ခွင့်ပြုချက် လျှောက်ထားမှု မှန်ကန်ကြောင်း အတည်ပြုထောက်ခံအပ် ပါသည်။

လက်မှတ်၊----------

အမည်၊----------

အစိုးရလုပ်ငန်း၊ အစိုးရဌာနအမည်၊----------

ပုံစံ(၁)

ဘဏ္ဍာရေးနှစ်ကုန်

ဒေသအုပ်ချုပ်ရေးမှူး	ဘဏ္ဍာစိုးရာထူး				ငွေစာရင်းဝင်ငွေ	ပုံမှန်	ယာယီငွေစာရင်းဝင်ငွေ	ယာယီငွေစာရင်းဝင်ငွေ	ယာယီငွေစာရင်းဝင်ငွေ ကိုယ်ပိုင်ဝင်ငွေ
	ငွေစာရင်းဝင်ခေါင်းစဉ်	ခန့်မှန်းငွေပမာဏ	ယခင်ကျိုးနွံငွေ	ယခင်ကျိုးနွံငွေ					
		(၁ x ၄ x ၁၁)							

ငွေပေးချေခြင်းအတွက် ခန့်မှန်းတောင်းခံလွှာ

ဒေသအုပ်ချုပ်ရေးမှူး - ဘဏ္ဍာစိုး

ရက်စွဲ ----------

၁၄